(၃) မှဲ့ပြောက်စွန်းရောဂါ**/** ကော်ဖီဗယ်ရီရောဂါ **(Anthracnose/Berry disease)**

**ရောဂါဖြစ်စေသောသက်ရှိ -** ***Colletotrichum gloeosporioides*** **(Penz)**

## ရောဂါလက္ခဏာ

အရွက်၏အနားများတွင် အညိုရောင်ဒါဏ်ရာကွက်များ ဖြစ်ပေါ် ပြီးရောဂါကွက် အလယ်တွင် အမဲစက်လေးများတွေ့ရသည်။ အသီးတွင်လည်း ရေစိုနာကွက်လေးများဖြင့် စတင်ပြီး ကြီးမားလာကာအမဲရောင် ပြောင်းသွားပြီး အနည်းငယ်ချိုင့်ကာ အလယ်တွင် အမဲစက်လေး များကို တွေ့မြင်နိုင်သည်။



ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါရအရွက်များကိုင်းဖျားများနှင့်အသီးများအား ခူးယူဖျက်ဆီး မီးရှို့ပစ်ပါ။
- စိုက်ခင်းသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါကွက်စတင်တွေ့ပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Difenoconazole (ဒိဖီနိုကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသော ဆေးများဖျန်းနိုင်သည်။